စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# စိုင်းဝင်းမြင့် ဒီဇင်ဘာညီများ

mgyoe.com

mgyoe.com

# စိုင်းဝင်းမြင့်

## ဒီဇင်ဘာညများ

အအေးဆုံး ညတွေမှာမှ
အနွေးဆုံးဆိုတာတွေကို ရမယ်
တစ်စုံတစ်ယောက်ဟာ
အိမ်တံခါးကို လာလာခေါက်နေတယ်လို့
ထင်ယောင်မှားမိတယ်
ကိုယ်ကလည်း မိသားစုမီးလင်းဖိုထဲ
မင်းကို ဆွဲသွင်းမိတယ်
မင်းကလည်း ဘာမှမပြောပဲ
နှင်းထဲ လာလာရပ်နေတယ်
အလွမ်းဇာတ်ဆိုလည်း
ဒီဇာတ်လမ်းမှာ ဘယ်သူမှ မျက်ရည်မကျ
အေးလွန်းလို့ နှလုံးအိမ်ထဲ အခဲပြုရတယ်။ ။

POEM0038
1,500.00 KS

mgyoe.com

ဒီဇင်ဘာညများ၊ စိုင်းဝင်းမြင့်
ပန်းချီသရုပ်ဖော် - မှတ်သုန်
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဒိဗင်ဘာသာများ
# စိုင်းဝင်းမြင့်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

## အမှာစာအရ ဒီဇင်ဘာညများ

၁။ ကိုယ့်ကဗျာတွေကို ကျော်မွေးက
ကိုယ့်ဘာသာ မစခင် သူစိမ်း အဦးအစ ၂၀၀၂
နှစ်ကာလများက The Couple က
စိမ်းညက်က မိုးကုပ်စက်ဝိုင်းက
ခရမ်းပြာက ၁၅ ရာစုပထမစာအုပ်တိုက်က
နောက်တော့ သုံးဆယ့်ရှစ် စိတ်ကူးချိုချိုက။


အခုတစ်ခါ ဒီဇင်ဘာညများ
စိတ်ကူးချိုချိုက။

၂။ ကဗျာတစ်ပုဒ်ရရင် အခုထိ ပျော်တုန်းကနေ
ကဗျာတစ်အုပ်အထိ အုပ်များစွာလည်း အခုထိ အထူးရင်ခုန်နေတုန်း
မနှစ်က ချစ်ခြင်းနောက်ရေးခဲ့သမျှထဲက
ဒီဇင်ဘာညများကို တစ်အုပ်စာဖယ်
နှစ်များစွာထဲ ပြန်လည်ရရှိလာမယ့် ဒီဇင်ဘာညများဟာ
ကိုယ့်ကို ပြန်လည်ကယ်တင်နိုင်မယ်ထင်နေတုန်း
ဒီဇင်ဘာအလွန်မှာလည်း လူတစ်ယောက်
ဆောင်းအိပ်မက် မက်နေတုန်း။ ။

ကဗျာချစ်သူများအား
ကျေးဇူးတင်စွာဖြင့်

စိုင်းဝင်းမြင့်
၁၂၊ ၃၊ ၂၀၁၈

mgyoe.com




mgyoe.com

mgyoe.com

## ဒီဇင်ဘာညများ

လမ်းမီးတိုင်တွေ ပိုမြင့်လာ
ပိုလင်းလာတော့
ငါတို့ဟာ ပိုမှောင်လာ
ပိုချွေးပျံလာတယ်

သစ်သားစားပွဲကနေ
ပလပ်စတစ်စားပွဲ
ညစ်ထေးတာက တောက်ပသေးတယ်
ကိုယ့်လက်ဘက်ရည်ခွက်တင်ထားတဲ့စားပွဲ
ထိုင်နေရင်း ရွှေ့တတ်တာကတော့
အရာရာ
ပေါ့ပျက်လှ


mgyoe.com

mgyoe.com

လွင့်နေတဲ့ လူငယ်ထဲ
ကောက်ရိုက်လို့ ရတဲ့ သစ်သားခွေးခြေကနေ
ဒီထက်ပို အရွယ်မကျသွားအောင်
သတိနဲ့ ထိန်းထိုင်နေရတဲ့ ပလပ်စတစ်ထိုင်ခုံ
ဘဝတွေ ကုန်ဆုံးပုံက အသက်မဲ့လွန်းတယ်

mgyoe.com

mgyoe.com


ပြန်သူမဲ့လမ်းတွေ
အားလုံးသွားနေ
ငါလည်း ငေးနေရုံပဲ
တီဗီချန်နယ်က ဘာ live မှ မလွှင့်တဲ့အခါ
ဖုန်းမျက်နှာပြင်ထဲ အားလုံး ခေါင်းငိုက်စိုက်ကျ
လက်ဘက်ရည်တစ်ခွက်တည်းမှာ
တစ်ယောက်ကို တစ်ယောက် မတွေ့ကြ
ချိုသော
ဒီဇင်ဘာလို့ ပြောကြတာပဲ။

၁၁၊ ၂၊ ၂၀၁၇

စိတ်ကူးချိုချို

mgyoe.com

mgyoe.com




mgyoe.com


mgyoe.com

## ဒီဇင်ဘာညများ ၂

ဥက မပေါက်ခင်
အကောင်ကို ရေတွက်လို့
ကြယ်တွေကို ရေရွတ်လို့
မအေးသော မြို့မှာ
ငါလည်း အသက်မဝင်သော ကြက်ဆင်
ညှော်ခန်းမှာ အလှဆင်လည်း
ဗလာလက်ဆောင်ထဲ ခရစ်စမတ်သစ်ပင်
သူ့အတွက် မမြင်ပဲ
ကိုယ့်အတွက် ပျော်ရွှင်ရတယ်ဆိုတာ
စန်တာကလော့မှာ ရှိသလား
လက်ဆောင်ပေးသူရဲ့ အိတ်ဟာ
ဘယ်တော့မှ လျော့မသွား။ ။

၂၊ ၁၂၊ ၂၀၁၇


mgyoe.com



moyoe.com

mgyoe.com

## ဒီဇင်ဘာညများ ၃

ကိုယ်နဲ့ ပေါင်းလို့
ပျက်တယ်ဆိုလို့
ကိုယ့်ဖဲကို ကိုယ်ဒေါင်းခဲ့တယ်

ကိုယ်နဲ့ တွဲလို့
ရဲတယ်ဆိုလို့
ကိုယ့်အသည်းကို ကိုယ်ခွဲခဲ့တယ်

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

ဒီလမ်းကို ကိုယ်လျှောက်ခဲ့ပြီးလည်း
မင်းရောက်လာတော့
လျှောက်ခဲ့ပြီးပြီဆိုတာ မရှိ
တစ်နေ့ခင်းလုံး. ကိုယ်သောက်ခဲ့ပြီးလည်း
နောက်ထပ်လက်ဘက်ရည်တစ်ခွက်မှာ
ကိုယ်သောက်ခဲ့ပြီးပြီဆိုတာ မရှိ
လက်ဘက်ရည်ဆိုင်က နောက်ဆုံးသီချင်းအထိ
လိပ်ပြာတောင်ပံငြိတွယ်ခဲ့တယ်
လက်ဘက်ရည်ဆိုင်က
ကိုယ့်ရှေ့က နောက်ဆုံးစားပွဲသိမ်းသွင်းလိုက်သည်အထိ
စိမ့်အေးဆောင်းညတွေထဲ ကိုယ်ထိုင်ခဲ့တယ်

စိတ်ကူးချိုချို

mgyoe.com


mgyoe.com

ကိုယ်နောက်တစ်ခေါက်ပြန်ရောက်လာတော့
လမ်းဘေးအုတ်ခုံဟာ
လမ်းဘေးအုတ်ဂူဖြစ်လာတယ်
တစ်လမ်းလုံး ခြောက်လှန့်နေတယ်
တစ်လမ်းလုံး တိတ်ဆိတ်နေတယ်။ ။

၃၊ ၁၂၊ ၂၀၁၇

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## ဒီဇင်ဘာညများ ၄

စက္ကူပန်းဟာ
ဘုရားကျောင်းအုတ်တံတိုင်းကိုကျော်ပြီး
လမ်းဘက် ညွတ်ကျလာ
အဝေးမှာ လဟာ ပြည့်သထက်ပြည့်လာတယ်

လမ်းမီးများအောက်မှာ
ဘာမှမရှိ
ကိုယ့်အရိပ်နဲ့ကိုယ်သာ
အဖော်ပြုရာ၏။


ခြတ်တိုင်ကိုကွယ်ကွယ်ပြီး
ကိုယ့်အရိပ်နောက်က ကိုယ်လိုက်လာ
မမြင်ရလည်း ညမွှေးပန်းရနံ့လွင့်ပျံ့နေတာ ချစ်မေတ္တာ

မိမိအိမ်သို့ မိမိ
ကောင်းမွန်စွာ ပြန်လည်ရောက်ရှိကြောင်း
တစ်ယောက်ကို တစ်ယောက် သိရှိစေပြီးမှ
ဆောင်းအိပ်မက်မှာ အိပ်ယာဝင်ပါတယ်။ ။

၄၊ ၁၂၊ ၂၀၁၇

mgyoe.com

mgyoe.com



mgyoe.com

## ဒီဇင်ဘာညများ ၅


အခုပဲ မင်းကို လှမ်းတွေ့လိုက်တယ်ဆိုတာ ပြောဖို့
နောက်နေ့တွေအထိ ကိုယ်မစောင့်ရဘဲ
ဘယ်နေ့က ဖြစ်မယ်ထင်တယ် ပြန်မစဉ်းစားရပဲ
ဝရံတာက အစွန်းထွက် အရိပ်ကလေးကို
မီသလောက် လှမ်းရိုက်ယူပြီး
ဓာတ်ပုံလှမ်းပို့လိုက်တော့
ဟယ် ဘယ်နေရာမှာလဲဆိုပြီး
လမ်းကို တစ်ချက်ငုံ့အကြည့်မှာ
ဘဝတစ်ခုလုံး အရှိန်လွန်ကျလာ
အချစ်ဆိုတာ
သေတဲ့အခါ တကယ်သေရပြီး
တစ်ခါက အေးမြခဲ့ဖူးပါတယ်လို့ ပြန်လွမ်းဆွေးတဲ့အခါ
မက်ဆင်ဂျာမှာ ဝေတဲ့ နှင်းတွေပါလား။ ။

၅၊ ၁၂၊ ၂၀၁၇

စိတ်ကူးချိုချို

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ဒီဇင်ဘာညများ ၆

ဖရဲသီးသည်က
ဖရဲသီးချိုတယ်တဲ့

ကိုယ်လိုနေတာကလည်း
သစ်သီးချိုချို ကမ္ဘာချိုချို
ချစ်သူ သူငယ်ချင်းနဲ့ မိသားစုအပြုံးချိုချို
ဘယ်အရာမဆို
ဆောင်းစာတ်ခိုဝင်နေဖို့ပဲ

mgyoe.com

mgyoe.com

အလွမ်းအဆွေးပုံသဏ္ဍာန်
အိပ်တန်းပြန်ငှက်ထဲ
ကိုယ့်အသက်ကို ကိုယ်မြင်မိလို့
အမှောင်စောစောကျလာလည်း
နေ့တစ်နေ့ဟာ မပြီးဆုံးသေးဘူးဆိုတာ သိရတယ်
လမ်းမီးတွေ ဖျပ်ခနဲလင်းလာတာကို
သဘောကျတယ်

အပွင့်ပန်းတွေ လှတယ်
မနေ့ကမှ ဘုရားပန်းတွေ လဲထားတာဆိုတော့
နောက်နေ့ပေါ့
နောက်နေ့တွေမှာလည်း
လှသော ပန်းတွေ ပွင့်နေမှာပဲပေါ့

စိတ်ကူးချိုချို

mgyoe.com

mgyoe.com

မြို့ဟာ
မြစ်ကမ်းပါးနဲ့ ကစားကွင်းနဲ့
ရယ်သံများနဲ့ အများပြည်သူနဲ့

မနေ့က မသေခဲ့လို့
မနက်ဖြန်လည်း ကိုယ်အသက်ရှိနေဦးမယ် (ထင်တယ်)။ ။

၆၊ ၁၂၊ ၂၀၁၇

စိတ်ကူးချိုချို

mgyoe.com